
## ၂၀၂၂ ခုနှစ် ဧပြီ တလတည်းအတွင်း ဒုက္ခသည် ငါးသောင်းရှစ်ထောင်ကျော် တိုးလာ




ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနယ်စပ်ရှိ ဒုက္ခသည်အရေအတွက်

**၁,၀၀ ၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် စစ်ပြေးဒုက္ခသည်ပေါင်း ၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင်လည်း ရိုဟင်ဂျာဒုက္ခသည် ၈၈၀,၀၀၀ ကျော် ရှိနေသည်။ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ဘက်ခြမ်းတွင်လည်း စစ်ပြေးဒုက္ခသည် ၃၀,၀၀၀ ထက်မနည်းရှိနေသည်။

စစ်အာဏာသိမ်းပြီးနောက် တိုးလာသော စစ်ပြေးဒုက္ခသည် အရေအတွက်

**၈၁၀,၈၈၉+**

တိုက်ပွဲနှင့် စစ်ရေးပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် ပြည်တွင်း စစ်ပြေးဒုက္ခသည်များဖြစ်ပြီး စစ်ကိုင်းတိုင်းတခုတည်း၌ ၂၄၀,၀၀၀ ကျော် ရှိနေသည်။

ယခင်ရှိထားသော စစ်ပြေးဒုက္ခသည် အရေအတွက်

**၄၉၇,၂၀၀+**

လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်း၊ ပြည်ပ နေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်အထိ စုစုပေါင်း **၂,၃၁၀,၀၈၉ ကျော်** ရှိလာသည်။ အဆိုပါပမာဏအနက် **၈၁၀,၈၈၉ ကျော်**မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့် အရေအတွက်ဖြစ်သည်။ ယခင်တလကဖော်ပြခဲ့သော အချက်အလက်များအရ စစ်ပြေးဒုက္ခသည် အရေအတွက် **၇၅၂,၅၈၉ ကျော် (အလေးထားရမည့် ဒေတာအချက်အလက်များ အမှတ်-၉ ကိုရှု)** ရှိခဲ့သဖြင့် တလအတွင်း **၅၈,၃၀၀ ကျော်** တိုးလာခဲ့ခြင်းဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုပမာဏထက် ပိုမိုများပြားနိုင်ပါသည်။

www.ISPMyanmar.com


# ISP DATA MATTERS

27 April 2022

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၁၆**

## စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ တိုက်ပွဲပြင်းထန်သည့် ဒေသများတွင် ဒုက္ခသည်အရေအတွက် ဆက်လက်တိုးမြင့်နေ





စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (EAOs) အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ (PDF/LDF/CDF/CNDF/KNDF စသည်ဖြင့်) နှင့် စစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်မှုများလည်း ရှိလာသည်။ အဆိုပါအခြေအနေများကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ဒုက္ခသည်များတိုးလာပြီး တနှစ်ကျော်ကာလအတွင်း စုစုပေါင်း **၈၁၀,၈၈၉ ကျော်**အထိ ရှိခဲ့သည်။ အထူးသဖြင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ အားကောင်းသည့် ဒေသများတွင် စစ်ပြေးဒုက္ခသည် အရေအတွက် ပိုမိုမြင့်တက်လာသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်အများဆုံးရှိလာသည့်ဒေသမှာ စစ်ကိုင်းတိုင်းဖြစ်ပြီး စုစုပေါင်း **၂၄၁,၀၅၀ ကျော်** ရှိနေသည်။ ကယားပြည်နယ်မှာ ဒုတိယအများဆုံးဖြစ်ပြီး စစ်ပြေးဒုက္ခသည်စုစုပေါင်း **၂၀၄,၁၁၅ ကျော်**၊ မကွေးတိုင်းတွင် **၉၅,၀၀၀ ကျော်**ဖြင့် တတိယအများဆုံး ဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုပမာဏထက် ပိုမိုများပြားနိုင်ပါသည်။

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၁၆**

# ကိုးလအတွင်းတိုးလာသည့် စစ်ပြေးဒုက္ခသည်များ




**စစ်ပြေးဒုက္ခသည် အရေအတွက်**

- ၇၀,၀၀၀ နှင့် အထက်
- ၅၀,၀၀၀ နှင့် အထက်
- ၃၀,၀၀၀ နှင့် အထက်
- ၁၀,၀၀၀ နှင့် အထက်

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက် အထိ ကိုးလကျော်ကာလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများကြောင့် တိုးလာသည့် စစ်ပြေးဒုက္ခသည်များ၏ အရေအတွက်အခြေပြု တည်နေရာပြမြေပုံ ဖြစ်ပါသည်။ စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များ (EAOs) အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ EAOs အချင်းချင်းဖြစ်ပွားသော တိုက်ပွဲများ၊ စစ်ကောင်စီနှင့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များ (PDF/LDF/CDF/CNDF/KNDF စသည်ဖြင့်) တို့ အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ထပ်မံ၍ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း ဖြစ်သည်။ ယခုဖော်ပြထားသော တည်နေရာများသည် ဒုက္ခသည်များ နေရပ်စွန့်ခွာခဲ့ရသည့် မြို့နယ်တည်နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ကိုးကားထားခြင်းဖြစ်ပြီး လက်တွေ့မြေပြင်အနေအထားတွင် ယခုထက် ပိုမိုများပြားနိုင်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## စစ်ပြေးဒုက္ခသည်များ အခြေအနေ (၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်အထိ)

**စစ်ကိုင်းတိုင်း**

၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း စစ်ကိုင်းတိုင်း၊ ခင်ဦး၊ မင်းကင်းနှင့် အရာတော်မြို့နယ်တို့မှ ကျေးရွာများရှိ နေအိမ် **၅၇၇ လုံးကျော်**ခန့် မီးရှို့ဖျက်ဆီးခံခဲ့ရပြီးနောက် အဆိုပါမြို့နယ်များမှ ဒေသခံ **၁၃,၃၀၀ ကျော်**ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရကြောင်း သိရပါသည်။ ဧပြီ ၂၂ ရက်တွင် ကလေးမြို့နယ်၌ စစ်ကောင်စီနှင့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲပြင်းထန်ခဲ့ပြီးနောက် အနီးအနားကျေးရွာများမှ ဒေသခံ **၅,၀၀၀ ကျော်**ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ဧပြီ ၂၃ ရက်တွင်လည်း ဝန်းသိုမြို့နယ်အတွင်း ကျေးရွာရှစ်ရွာအတွင်းသို့ စစ်ကောင်စီတပ်များဝင်ရောက်ကာ မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် အဆိုပါဒေသတဝိုက်ရှိ ကျေးရွာပေါင်း ၄၀ ကျော်မှ ဒေသခံ **၂၀,၀၀၀ ကျော်**ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

**မကွေးတိုင်း**

၂၀၂၂ ခုနှစ် ဧပြီလအတွင်း မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ရေလယ်ကျွန်းဒေသအတွင်း စစ်ကောင်စီတပ်များ ဝင်ရောက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဒေသခံပြည်သူ **၁,၀၀၀ ကျော်**ခန့် ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။ ဧပြီ ၁၁ ရက်တွင်လည်း ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရပြီးနောက် ပြည်သူ **၁၀,၀၀၀ ကျော်**မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

**ကရင်ပြည်နယ်**

၂၀၂၂ ခုနှစ် ဧပြီ ၆ ရက်မှစ၍ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း စစ်ကောင်စီနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) အပါအဝင် ပူးပေါင်းတပ်ဖွဲ့များအကြား တိုက်ပွဲပြင်းထန်ခဲ့ပြီးနောက် ဒေသခံ **၇,၀၀၀ ကျော်**ခန့်မှာ ဘေးလွတ်ရာသို့ ထပ်မံထွက်ပြေး တိမ်းရှောင်ခဲ့ကြရကြောင်း သိရသည်။

**ချင်းပြည်နယ်**

၂၀၂၂ ခုနှစ် ဧပြီ ၉ ရက်မှ ၁၄ ရက်အတွင်း ချင်းပြည်နယ်၊ မတူပီ-ပလက်ဝလမ်းဘက်သို့ ထွက်ခွာလာသော စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲပြင်းထန်ခဲ့ပြီးနောက် အဆိုပါလမ်းမအနီးရှိ ကျေးရွာများမှ ဒေသခံ **၁,၀၀၀ ကျော်**ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုပမာဏထက် ပိုမိုများပြားနိုင်ပါသည်။